ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့
No.6 Dong Zhi Men Wai Street, Chao Yang District
Beijing 100600, People's Republic of China
Tel:0086 10 6532 0351, 6532 0412
Fax: 0086 10 65320408

## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရန် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိခြင်း

၁။ မြန်မာသံရုံး၊ ပေကျင်းမြို့အနေဖြင့် COVID-19 ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်စည်စီးဆင်းရာတွင် အဓိကလမ်းကြောင်းဖြစ်သည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် မြန်မာဘက်မှ ပို့ကုန်များ တရုတ်ဘက်သို့ ပို့ဆောင်ရာတွင် အဆင်ပြေချောမွေ့မှုရှိစေရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေစီမံကွပ်ကဲမှုအဖွဲ့အစည်း၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာန (Department of International Cooperation of the General Administration of Customs of China – GACC) နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အာရှရေးရာဌာန (Department of Asian Affairs of the Ministry of Commerce of People Republic of China – MOFCOM) တို့သို့ အောက်ဖော်ပြပါ အချက်များအား (၆-၅-၂၀၂၀) ရက်နေ့တွင် ပေးပို့ အကြောင်းကြားခဲ့ပြီး ဖြစ်ကြောင်း အသိပေးအပ်ပါသည်-

- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တို့အကြား ကုန် သွယ်မှုပြုရာ၌ တင်ပို့/တင်သွင်းမှုများ အဓိကဆောင်ရွက်လျက်ရှိသည့် နှစ်နိုင်ငံ နယ်စပ်ဂိတ်များ၌ တရုတ်နိုင်ငံအနေဖြင့် COVID-19 ရောဂါ ပြန့်ပွားကူးစက်မှုအား ကာကွယ်ထိန်းချုပ်ရေး အစီအမံများအား ချမှတ်ဆောင်ရွက်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်စည်စီးဆင်းမှုများ နှောင့်နှေးကြန့်ကြာလျက်ရှိကြောင်း၊ သို့ဖြစ်ရာ မြန်မာဘက်မှ ကုန်တင်ကားများ (၅၀၀)ကျော် စောင့်ဆိုင်းရလျက်ရှိပြီး မြန်မာနိုင်ငံမှတင်ပို့မည့် သစ်သီးဝလံအပါအဝင် ကုန်စည်များ ပုပ်သိုးပျက်စီးခြင်း ဖြစ်ပေါ်

လျက်ရှိသည့်အတွက် ကုန်သည်များနှင့် ဒေသတွင်းစိုက်ပျိုးတောင်သူများ အနေဖြင့်နစ်နာဆုံးရှုံးမှုများစွာဖြစ်ပေါ်လျက်ရှိကြောင်း၊

- မြန်မာနိုင်ငံအနေဖြင့် COVID-19 ရောဂါ ထိန်းချုပ်တားဆီးရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင်လည်း တရုတ်ကုမ္ပဏီများ စိုက်ပျိုးထွက်ရှိသည့် ဌက်ပျောသီးများ တရုတ်နိုင်ငံသို့ အချိန်မီသယ်ယူနိုင်ရေးအတွက် မကြာသေးမီက စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့ဖြစ်ရာ ပုတ်သိုးလွယ်သည့် မြန်မာနိုင်ငံမှထွက်ကုန်များ တရုတ်နိုင်ငံသို့ အချိန်မီတင်သွင်းနိုင်ရေးအတွက် ရောဂါထိန်းချုပ်တားဆီးရေးဆောင်ရွက်ခြင်းနှင့်ယှဉ်တွဲ၍ ပိုမိုထိရောက်ကောင်းမွန်သည့်မှုနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ပေးရန် မေတ္တာရပ်ခံပါကြောင်း၊

- မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နှစ်ပေါင်းများစွာတည်ရှိခဲ့သော ရင်းနှီးချစ်ကြည်မှုနှင့် ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအား ရှေးရှု၍ နှစ်နိုင်ငံပြည်သူများအကြား COVID-19 ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ပြီး ကုန်စည်စီးဆင်းမှုများ အဆင်ပြေချောမွေ့မှုရှိခြင်းဖြင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုအား အရှိန်အဟုန်မပြတ်ဘဲ ဆက်လက်ဆောင်ရွက်နိုင်မည့် ထိရောက်သည့် စီမံဆောင်ရွက်မှုများအား အမြန်ဆုံးချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း

၂။ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအား COVID-19 ရောဂါကူးစက်ခြင်းကို တားဆီးနိုင်ပြီး ကုန်သွယ်မှုလည်း လျင်မြန်သွက်လက်ထိရောက်စေရေးအတွက် မြန်မာနိုင်ငံနှင့် ထိစပ်နေသည့် ယူနန်ပြည်နယ်အဆင့်တွင် ယနေ့ (၂၀-၅-၂၀၂၀) ရက်နေ့တွင် ဆွေးနွေးမှုများ ပြုလုပ်၍ နှစ်ဖက်စေ့စပ်ညှိနှိုင်းမှုများ ဆောလျှင်စွာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာသံရုံး၊ ပေကျင်းမြို့
၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်